# ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
# ၂၀၁၄ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် - ၃၃၈

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၇၈ တွင် ၂၀၁၄ ခုနှစ်၊ ဩဂုတ် လ (၂၉) ရက်နေ့တွင် ချမှတ်သော ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှုတင်သွင်းခြင်း။

| | | |
|---|---|---|
| Myanmar Win Life Co.,Ltd | နှင့် | Golden Power Lamp Co.,ltd<br>(အခွင့်ရကိုယ်စားလှယ် ဦးမင်းစိုး) |
| အယူခံတရားလို | | အယူခံတရားပြိုင် |

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမြဟန် ၊ တရားလွှတ်တော်ရှေ့နေ ။ |
| အယူခံတရားပြိုင်အတွက် | - | ဦးသန်းစိုး ၊ တရားလွှတ်တော်ရှေ့နေ ။ |

## စီ ရင် ချက်

နေ့စွဲ၊ ၂၀၁၅ ခုနှစ် ဇွန် လ (၂၆) ရက်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၇၈/၂၀၁၃ တွင် တရားလို Golden Power Lamp Co.,ltd က တရားပြိုင် Myanmar Win Life Co.,Ltd အပေါ် RBI ကုန်အမှတ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ထားသော ကုန်စည်များကို တရားပြိုင်ကုမ္ပဏီက မြန်မာနိုင်ငံဈေးကွက်၌ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်စေရန် ထာဝရတားမြစ်မိန့်ရလိုကြောင်းနှင့် နစ်နာမှုလျော်ကြေးငွေ ကျပ်သိန်း (၁၅၀၀) ရလိုမှု စွဲဆိုရာ တရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ် အမည်အမှတ်အသားဖြင့် တုပထုတ်လုပ်ထားသည့် မော်တော်ယာဉ်အင်ဂျင်သုံးရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် ထာဝရတားမြစ်မိန့်ထုတ်ပေးခဲ့ပြီး တရားပြိုင်ကုမ္ပဏီက တရားလိုကုမ္ပဏီသို့ လျော်ကြေးငွေကျပ်သိန်း (၄၀၀) ပေးလျော်စေရန် စီရင်ချက် နှင့် ဒီကရီ ချမှတ်ခဲ့သည်။အဆိုပါခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို တရားပြိုင်ကုမ္ပဏီက မကျေနပ်သဖြင့် ဤအယူခံမှု တင်သွင်းလာခြင်းဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားလိုကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ မှတ်ပုံတင်ထားကြောင်း၊ ထိုင်းနိုင်ငံအခြေစိုက် Rubber International Co.,ltd နှင့် ပတ်သက်၍ ယင်းကုမ္ပဏီမှ RBI ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ် အင်ဂျင်နှင့် အခြားပစ္စည်း အစိတ်အပိုင်းများတွင် ထည့်သွင်း အသုံးပြုနိုင်သည်။ Rubber ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် (၇.၄.၂၀၁၀) ရက်စွဲပါစာဖြင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေး

ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး ခန့်အပ်ခဲ့ကြောင်း၊RBI ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ မူပိုင်ခွင့်ထိပါးချိုးဖောက်သူများအပေါ် အရေးယူ ဆောင်ရွက်ခွင့် အာဏာလွှဲအပ်သည့်စာကိုလည်း တရားလိုအား တရားဝင်ပေးအပ်ခဲ့ကြောင်း၊ တရားလိုသည် ထိုင်းနိုင်ငံကုမ္ပဏီ၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့ ၊စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်အမှတ် ၇၄၉/၂၀၁၃ ဖြင့် မှတ်ပုံတင်ထားခဲ့ကြောင်း၊ (၁၃.၂.၂၀၁၃) ရက်နေ့တွင်ကြေးမုံသတင်းစာမှ အများသိစေရန်ကြေညာခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီသည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်တွင် ရုံးခန်းဖွင့်လှစ်ပြီး RBI ကုန်အမှတ်တံဆိပ်ကို တုပလျက် ထုတ်လုပ်သော မော်တော်ယာဉ်အင်ဂျင်သုံးရာဘာပစ္စည်းမျိုးစုံကို ရန်ကုန်မြို့ဈေးကွက်များ၌ ဖြန့်ဖြူးရောင်းချသည်ကို သိရှိရသဖြင့် တရားလိုက (၈.၅.၂၀၁၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် သတိပေးတားမြစ်ခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီထုတ်ကုန်ပစ္စည်းများ အတုများကို သက်သေခံအထောက်အထားဖြစ်စေရန် တရားဝင် ပြေစာများဖြင့် ဝယ်ယူခဲ့ကြောင်း၊ တရားပြိုင်ကုမ္ပဏီတည်ရှိရာလိပ်စာသို့ အချင်းဖြစ် ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်ထားသော အလားတူကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းကိုလုံးဝ ရပ်ဆိုင်းရန် ရှေ့နေမှတစ်ဆင့် (၂၅.၃.၂၀၁၃) ရက်စွဲပါအကြောင်းကြားနို့တစ်စာကို ပေးပို့ရာ တရားပြိုင် ကုမ္ပဏီသည် အကြောင်းကြားနို့တစ်စာကို လက်ခံရယူ ဖွင့်ဖောက်ဖတ်ရှုပြီးနောက် ၄င်း၏ဝန်ထမ်းမှ တစ်ဆင့် တရားလိုကုမ္ပဏီသို့ အဆိုပါ စာမူရင်းအား ပြန်လည်ပေးပို့ခဲ့ကြောင်း၊ အချင်းဖြစ် RBI ကုန်အမှတ်တံဆိပ်ကို တုပပြုလုပ်ထားသော မော်တော်ယာဉ်အင်ဂျင်သုံးရာဘာ အပို ပစ္စည်းများကို ဈေးကွက်အတွင်း ဆက်လက်ဖြန့်ဖြူးရောင်းချကြောင်း၊ တရားပြိုင်များ၏ ပြုလုပ် ဆောင်ရွက်ချက်များကြောင့် တရားလိုကုမ္ပဏီတွင် များစွာနစ်နာရသည့်အတွက် ယခုအမှုစွဲဆိုရကြောင်း အဆိုပြုထားသည်။

အမှုတွင် တရားပြိုင်ကုမ္ပဏီ၏လိပ်စာဖြင့် ငြင်းချက်ထုတ်ရသောသမ္မာန်စာထုတ်ဆင့်ရာ ယင်းလိပ်စာတွင် ကုမ္ပဏီဖွင့်လှစ်ထားခြင်း မရှိကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ တင်ပြချက်ဖြင့် ဆင့်စာလုလင်ကပြန်သွားခဲ့၍ တရားလိုဘက်အား လိပ်စာသစ်တင်ရန် ညွှန်ကြားခဲ့သည်။ တရားလိုက တရားပြိုင်ကုမ္ပဏီ၏လိပ်စာသစ်တင်ပြ၍ သမ္မာန်စာထုတ်ဆင့်ရာ တရားပြိုင်ကုမ္ပဏီ၏အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တင်က လက်ခံရယူအတည်ဖြစ်ကြောင်း ဆင့်စာလုလင်က ပြန်သွင်းခဲ့သည်။တရားပြိုင်က ကုမ္ပဏီမှ တစ်ဦးတစ်ယောက်မျှ ရုံးတော်သို့မလာသဖြင့် (၂၀.၁၁.၂၀၁၃)ရက်နေ့တွင် ခရိုင်တရားရုံးက အမှုကို တစ်ဖက်သတ်စစ်ဆေးခဲ့သည်။

(၂၇.၁.၂၀၁၄)ရက်နေ့တွင် Myanmar Win Life Co.,Ltd ၏ အရောင်းမန်နေဂျာ ဦးမောင်မောင်မြင့်က ခရိုင်တရားရုံးက မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး ၊ BLOCK - B - 40 အခန်း(၁)ဆိုင်ခန်း လိပ်စာဖြင့် သမ္မာန်စာ ချအပ်ခဲ့ရာ ဈေးတာဝန်ခံတစ်ဦးက Win Auto Part ဆိုင်ရှိ ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမောင်မောင်တင်ကို ခေါ်၍ သမ္မာန်စာအား လက်ခံစေခဲ့ကြောင်း၊ ဦးမောင်မောင်တင်က လက်မှတ်ရေးထိုးပြီးမှ ဖတ်ကြည့်ရာ တရားလိုစွဲဆိုသောကုမ္ပဏီမှာ Win Auto Part Co.,Ltd ဖြစ်နေပြီး တရားပြိုင်ဖွင့်လှစ်သည့် Win Auto Part ဆိုင်ခန်းမဟုတ်ကြောင်း သိရှိသဖြင့် ဆင့်စာလုလင်အား ပြန်ပေးခဲ့ကြောင်း၊ အမှုကို တစ်ဖက်သတ်စစ်ဆေးနေကြောင်း သိရသည့် အပြင် အမှုမှာ တရားလိုဘက်မှ Win Auto Part Co.,Ltd သို့ တရားစွဲဆိုရမည့်အစား မိမိတို့ Myanmar Win Life Co.,Ltd မှဖွင့်လှစ်သော Win Auto Part ဆိုင်ခန်းသို့ မှားယွင်းစွဲဆိုသဖြင့် မိမိတို့ဆိုင်ခန်းဖြစ်နေကြောင်း သိရသည့်အချိန်မှစတင်၍ ရောက်ရှိသည့် ရုံးချိန်း၌ အမှုသည်အဖြစ် ပါဝင်ခွင့်ပြုပါရန် လျှောက်ထားခဲ့သည်။ ခရိုင်တရားရုံး အမှုစစ်တရားသူကြီး (၂၅.၂.၂၀၁၄)ရက်နေ့တွင် ဦးမောင်မောင်မြင့်၏ လျှောက်ထားချက်ကို ခွင့်ပြုခဲ့သည်။

Myanmar Win Life Co.,Ltd ၏ရှေ့နေက (၁၉.၃.၂၀၁၄) ရက်နေ့တွင် ၎င်းတို့ကုမ္ပဏီအားတရားပြိုင်(၂)အဖြစ် သတ်မှတ်၍ အမှုအား အစမှ ပြန်လည်စစ်ဆေးပေးရန်လျှောက်ထားရာ ခရိုင်တရားရုံးက (၆.၅.၂၀၁၄)ရက်နေ့တွင် လျှောက်ထားချက်ကို ခွင့်မပြုဘဲ ပယ်ခဲ့သည်။

မူလခရိုင်တရားရုံးက တရားလိုပြသက်သေများ စစ်ဆေးပြီးနောက် တရားလိုဘက်မှတင်ပြသော သက်သေခံချက်များအရ တရားပြိုင် Myanmar Win Life Co.,Ltd ၏လက်အောက်ခံဖြစ်သော Win Auto Part သည် တရားလိုကုမ္ပဏီက မြန်မာနိုင်ငံတွင် တစ်ဦးတည်းဖြန့်ဖြူးခွင့်ရသော RBI တံဆိပ်ပါ ရာဘာအပိုပစ္စည်းများ ဖြန့်ဖြူးရောင်းချသည်မှာ ထင်ရှားကြောင်း သုံးသပ်ပြီးတရားပြိုင်ကုမ္ပဏီသည် RBI ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်အင်ဂျင်သုံးရာဘာအပိုပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းခြင်းမပြုလုပ်ရန် ထာဝရတားမြစ်ဝရမ်းထုတ်ပေးခဲ့ပြီး တရားပြိုင် Myanmar Win Life Co.,Ltd သည် တရားလို Golden Power Lamp Co.,Ltd သို့နစ်နာမှု လျော်ကြေးငွေကျပ်သိန်း (၄၀၀) ပေးလျော်စေရန် ဒီကရီချမှတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက Myanmar Win Life Co.,Ltd သည် Myanmar Win Auto Part Co.,Ltd မဟုတ်ကြောင်း၊ Myanmar Win Life Co.,Ltd အား ချေလွှာတင်ခွင့်မပြုခဲ့ကြောင်း၊ သက်သေခံများတင်ပြခွင့် ပြန်လှန်စစ်မေးမြန်းခွင့်များမပြုဘဲ တရားလိုအား အနိုင်ဒီကရီချမှတ်ပေးခဲ့သဖြင့် ပြင်ဆင်ဆုံးဖြတ်ရန် လိုအပ်ကြောင်း၊ တရားလို၏ အဆိုလွှာတွင် RBI ကုန်အမှတ်တံဆိပ်ကို Win Auto Part Co.,Ltd ကအတုပြုလုပ်သည်ဟု ဖော်ပြထားကြောင်း၊ Myanmar Win Life Co.,Ltd က မည်သို့ဆောင်ရွက်ကြောင်း အဆိုလွှာတွင် ဖော်ပြမထားကြောင်း၊ အဆိုအချေတွင် မဖော်ပြသောအချက်ကို ဆုံးဖြတ်ခွင့်မရှိကြောင်း ၊ တရားလိုကုမ္ပဏီသည် RBI ကုန် အမှတ်တံဆိပ်ကို မည်သို့ကူညီ၍ ပူးပေါင်းပါဝင်အတုပြုလုပ်ပေးသည်ဟု သက်သေခံချက် မရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေနှင့်အညီ မူလတရားပြိုင် Win Auto Part Co.,Ltd အား သမ္မာန်စာဆင့်ဆို အတည်မပြုနိုင်ခဲ့ကြောင်းပေါ်ပေါက်ပါလျက် Win Auto Part Co.,Ltd အား သမ္မာန်စာအတည်ဖြစ် ရန်မဆောင်ရွက်သေးဘဲ တစ်ဖက်သတ်စစ်ဆေးခြင်းသည် ဥပဒေအရမှားယွင်းကြောင်း၊ Win Auto Part အရောင်းဆိုင် သို့ သမ္မာန်စာလာချရာ Win Auto Part အရောင်းဆိုင်သည် Win Auto Part Co.,Ltd ၏အဆောက်အဦးရှိ ဖွင့်လှစ်သောဆိုင်မဟုတ်ကြောင်း၊ Myanmar Win Life Co.,Ltd ၏ လက်အောက်ခံဆိုင်ခန်းအဖြစ် Myanmar Win Life Co.,Ltd အဆောက်အဦး၌ လုပ်ကိုင်သောဆိုင်ခန်းဖြစ်ကြောင်း၊ Win Auto Part Co.,Ltd ၏လက်အောက်ခံမဟုတ်သော Win Auto Part ဆိုင်အပေါ် သမ္မာန်စာချအတည်ပြုပြီး Myanmar Win Life Co.,Ltd အပေါ် တစ်ဖက်သတ်ဒီကရီချမှတ်ခဲ့ခြင်းသည်ပြင်ဆင်ရန်လိုအပ်ကြောင်း၊ တရားလိုကုမ္ပဏီက ဦးမင်းစိုးအား ကိုယ်စားလှယ်လွှဲအပ် ပြီးတရားစွဲဆိုခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

တရားပြိုင်၏ရှေ့နေက မူလက တရားလိုသည် Win Auto Part Co.,Ltd အပေါ် တရားစွဲတာမှန်ကြောင်း၊ တရားပြိုင်မလာ၍ ရုံးချိန်း(၁၁)ချိန်းကြာပြီးနောက် တရားလိုနှင့်တရားလိုပြသက်သေတို့ကို စစ်ဆေးပြီးနောက် Myanmar Win Life Co.,Ltd ၏ကိုယ်စား မန်နေဂျာ ဦးမောင်မောင်မြင့်က (၂၇.၁.၂၀၁၄)ရက်နေ့တွင် အမှုသည်အဖြစ် ပါဝင်လာခြင်းဖြစ်ကြောင်း၊ တရားလို

က အဆိုလွှာပြင်ရန် လျှောက်ထားရာ တရားပြိုင် Myanmar Win Life Co.,Ltd ကကန့်ကွက်ရာ တွင် Win Auto Part အရောင်းဆိုင်သည် Myanmar Win Life Co.,Ltd ကဖွင့်လှစ်သော ဆိုင်ခန်းဖြစ်သည်ဟုဝန်ခံဖော်ပြထားကြောင်း၊ RBI ကုန်အမှတ်တံဆိပ်အမှတ်အသားပါပစ္စည်းများကို တုပပြုလုပ် ကြောင်း၊ Win Auto Part အရောင်းဆိုင်က ဖြန့်ဖြူးရောင်းချသည်ဆိုသောအချက်ကို သက်သေခံ(ည) အရောင်းပြေစာ(၃)စောင်နှင့် လိုပြသက်သေမောင်သိန်းနိုင်တို့ ထွက်ချက်များကထင်ရှား ပေါ်လွင်စေကြောင်း၊ Myanmar Win Life Co.,Ltd ကအမှုတွင် ရောက်ရှိသည့်အဆင့်မှစတင်၍ တရားပြိုင် အဖြစ်ဝင်ခွင့်ပြုရန် လျှောက်လွှာတွင် တရားလိုက ၎င်း၏ မူလအဆိုလွှာရှိ တရားပြိုင်အမည် နေရာတွင် Win Auto Part Co.,Ltd ဟုမှားယွင်းအမည်ကပ်ထားသော်လည်း ယင်းဆိုင်ခန်းသည် မိမိ တို့ကုမ္ပဏီ၏ဆိုင်ခန်းဖြစ်ကြောင်း တင်ပြထားကြောင်း၊ ဦးမင်းစိုးက ကုမ္ပဏီကိုယ်စားဆောင်ရွက်ခြင်း မှာ သက်သေခံ(က)တစ်ရပ်တည်းအရ ဆောင်ရွက်ခြင်းမဟုတ်ဘဲ တရားရုံးကိုယ်စားလှယ်လွှဲစာ သက်သေခံ (က-၁)အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲရှိ တရားလိုကုမ္ပဏီ၏ မူလအဆိုလွှာတွင် တရားပြိုင်အဖြစ် Win Auto Part Co.,Ltd ဟုဖော်ပြထားသည်။ တရားပြိုင်၏လိပ်စာမှာ ကျောက်တံတားမြို့နယ်၊ ၃၉ လမ်းနှင့် လမ်း ၄၀ကြား၊ တိုက်အမှတ် - ၇၀၅/၇၀၆ ဖြစ်သည်။ ယင်းလိပ်စာအတိုင်း ခရိုင်တရားရုံးက တရားပြိုင် ထံငြင်းချက်ထုတ်ရန်သမ္မာန်စာချအပ်ရာ ယင်းတိုက်တွင် အဆိုပါကုမ္ပဏီဖွင့်လှစ်ထားကြောင်း တင်ပြ လာ၍တရားလိုအား လိပ်စာထပ်မံစုံစမ်းစစ်ဆေးပြီးနောက် မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၊ ဆိုင်ခန်း(၁) BLOCK - B /40 ဖြင့် သမ္မာန်စာချအပ်ခဲ့သည်။ အဆိုပါငြင်းချက်ထုတ်ရန် သမ္မာန်စာတွင် ဦးမောင်မောင်တင် (အုပ်ချုပ်ရေးမှူး) က ကုမ္ပဏီရုံးချုပ် Win Auto Part သို့ ပို့ပေးပါမည်ဟု ၎င်းကိုယ်တိုင်ရေးသားခဲ့သည်။ခရိုင်တရားရုံးက ယင်းသို့ ကုမ္ပဏီရုံးချုပ်သို့ ပေးပို့ပါမည်ဟု ဖော်ပြချက် အရ သမ္မာန်စာအတည်ဖြစ်ကြောင်းကောက်ယူပြီး ရုံးချိန်းများတွင် တရားပြိုင်ကုမ္ပဏီလာရောက်ခြင်းမရှိ သဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၉ ၊ နည်း ၆ အရ တစ်ဖက်သတ်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိ ရသည်။ ယင်းသို့ စစ်ဆေးဆောင်ရွက်ခဲ့ခြင်းသည် အယူခံတရားလိုရှေ့နေတင်ပြသကဲ့သို့ ဥပဒေနှင့်မညီ ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဤအယူခံတွင် အယူခံတရားလို Myanmar Win Life Co.,Ltd က တရားလိုကုမ္ပဏီ ကတရားပြိုင်အဖြစ်စွဲဆိုသော Win Auto Part Co.,Ltd သည် ၎င်းနှင့်ဆက်စပ်သက်ဆိုင်ခြင်းမရှိ သောကြောင့် ၎င်းအပေါ်ဒီကရီချမှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း ပြင်ဆင်သင့်ကြောင်း အဓိကထား တင်ပြထားသည်။

တရားလိုသည် Win Auto Part Co.,Ltd ဟု အဆိုလွှာတွင်ဖော်ပြ၍ ယင်းကုမ္ပဏီက RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်အင်ဂျင်သုံးရော်ဘာအပိုပစ္စည်းများကို တုပထုတ်လုပ် ဖြန့်ဖြူး ရောင်းချသည်ဟု အဆိုပြုစွဲဆိုခြင်းဖြစ်သည်။ အဆိုပါ RBI တံဆိပ်ပါရော်ဘာအပိုပစ္စည်းများ Win Auto Part ဆိုင်မှ ဝယ်ယူခဲ့သော ပြေစာများကို သက်သေခံ(ည)ဖြင့် တရားလိုဘက်မှ တင်ပြထားသည်။ ဦးသိန်းနိုင်(လိုပြ-၇)သည် မော်တော်ယာဉ်အောက်ပိုင်းပြင်သူတစ်ဦးဖြစ်သည်။ ၎င်းသည် သက်သေခံ(ည) ပြေစာများအရ Win Auto Part ဆိုင်မှ မော်တော်ယာဉ်အောက်ပိုင်းသုံး ရော်ဘာပစ္စည်းဝယ်ယူခဲ့ ကြောင်း ထွက်ဆိုထားသည်။

သို့ဖြစ်ရာ Win Auto Part ဆိုင်သို့ တရားလိုကုမ္ပဏီ၏ RBI ကုန်အမှတ်တံဆိပ်ပါ မော်တော်ယာဉ်အင်ဂျင်သုံး ချော်ဘာပစ္စည်းအမျိုးမျိုးကို အတုပြုလုပ်ဖြန့်ဖြူးရောင်းချကြောင်း ပေါ်ပေါက်ပေသည်။

တရားလိုရှေ့နေ(အယူခံတရားပြိုင်ရှေ့နေ) တင်ပြသကဲ့သို့ Myanmar Win Life Co.,Ltd ၏အရောင်းမန်နေဂျာ ဦးမောင်မောင်မြင့်က ၂၇.၁.၂၀၁၄ ရက်နေ့တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်း ၇ အရ လျှောက်ထားသည့်စာ၌ အမှုမှာ တရားလိုဘက်မှ Win Auto Part Co.,Ltd သို့ တရားစွဲဆိုရမည့်အစား မိမိတို့ Myanmar Win Life Co.,Ltd မှဖွင့်လှစ်သော Win Auto Part သို့ မှားယွင်းစွဲဆိုမည်ဟု ဖော်ပြထားရာ ဘုရင့်နောင်ဈေးရှိ ဆင့်ခေါ်စာအတည်ဖြစ်သော Win Auto Part ဆိုင်သည် တရားပြိုင် Myanmar Win Life Co.,Ltd ၏ ဆိုင်ဖြစ်သည်မှာ အထင်အရှား ပေါ်ပေါက်ပေသည်။

ခရိုင်တရားရုံးက (၂၅.၂.၂၀၁၄) ရက်စွဲပါအမိန့်အရ Myanmar Win Life Co.,Ltd ကို Win Auto Part ကုမ္ပဏီအား တရားပြိုင်အဖြစ် ပါဝင်ခွင့်ပြုခဲ့ခြင်းကြောင့် Myanmar Win Life Co.,Ltd အားယခုအမှုတွင် တရားပြိုင်(၂)အဖြစ် သတ်မှတ်ပြီး အမှုကို အစမှပြန်လည်စစ်ဆေးရန် ခွင့်မပြုခဲ့ခြင်းဖြစ်ပေသည်။

(၂၇.၅.၂၀၁၄)ရက်နေ့တွင် တရားလိုက အဆိုလွှာပြင်ဆင်ခွင့်လျှောက်ထားခဲ့ရာ ခရိုင်တရားရုံးက Win Auto Part Co.,Ltd အစား Myanmar Win Life Co.,Ltd အား တရားပြိုင်အဖြစ်ပါဝင်ခွင့်ပြုခဲ့သည်ဖြစ်၍ ယင်းအမိန့်နှင့်အညီ အဆိုလွှာပြင်ဆင်ခွင့်ပြုသင့်ကြောင်း သုံးသပ်ပြီး အဆိုလွှာတွင် ဖော်ပြထားသော Win Auto Part Co.,Ltd နေရာတွင် Myanmar Win Life Co.,Ltd အရပြင်ဆင်ခွင့်ပြုခဲ့သည်။ ယင်းအမိန့်အရ ခရိုင်တရားရုံး၏ဒီကရီသည် Myanmar Win Life Co.,Ltd အပေါ် ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။

ပြင်ဆင်အဆိုလွှာတွင် တရားပြိုင်အဖြစ် Myanmar Win Life Co.,Ltd ဟုဖော်ပြထားရာ အဆိုလွှာတွင်ဖော်ပြထားသော တရားလိုကုမ္ပဏီ၏ RBI ကုန်အမှတ်တံဆိပ်ကို ထုတ်လျှင် မော်တော်ယာဉ်အင်ဂျင်သုံးရာဘာပစ္စည်းမျိုးစုံကို တရားပြိုင်ကုမ္ပဏီက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်ဟု ဖော်ပြရာတွင် အဆိုပါ တရားပြိုင်ကုမ္ပဏီဆိုသည်မှာ Myanmar Win Life Co.,Ltd ကို ရည်ညွှန်းထားခြင်းဖြစ်သည်မှာ မြင်သာသည်။

အမှုတွင် တရားလိုကုမ္ပဏီသည် အချင်းဖြစ် RBIကုန်အမှတ်တံဆိပ်ဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်သူ ထိုင်းနိုင်ငံအခြေစိုက် Rubber Intertrade Co.,Ltd ၏ တစ်ဦးတည်းကိုယ်စားလှယ် သဘောတူညီချက်နှင့်ဥပဒေအရ အရေးယူဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းခြင်း အာဏာလွှဲအပ်ကြောင်းစာတမ်းအမှတ်အသားများကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတာဝန်ရှိသူက ထပ်ဆင့်အတည်ပြုလက်မှတ်ရေးထိုးထားသော စာရွက်စာတမ်းတို့ကို သက်သေခံ (ဃ)မှ (စ)အထိ တင်ပြထားပေသည်။ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် RBI ကုန်အမှတ်တံဆိပ်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလွှာကို မှတ်ပုံတင်အမှတ် ၇၄၉/၂၀၁၃ ဖြင့် မှတ်ပုံတင်ထားကြောင်း သက်သေခံ(ဆ)အရ တင်ပြထားသည်။ ယင်းသို့ ပေါ်ပေါက်ချက်အရ တရားလိုကုမ္ပဏီသည်

RBI ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်ပြီး တုပပြုလုပ်သူ ဖြန့်ဖြူးရောင်းချသူများအပေါ် တရားစွဲဆိုခွင့်ရှိသည်မှာ ထင်ရှားပေသည်။

မူလခရိုင်တရားရုံးက Win Auto Part ဆိုင်သည်လည်းကောင်း၊ Win Auto Part Co.,Ltd သည်လည်းကောင်း တရားပြိုင် Myanmar Win Life Co.,Ltd ပင်ဖြစ်သည်ဟု သုံးသပ်ကာ တရားပြိုင် Myanmar Win Life Co.,Ltd သည် RBI ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချသည့် မော်တော်ယာဉ်အင်ဂျင်သုံးရာဘာအပိုပစ္စည်းများကို မြန်မာ နိုင်ငံဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန် ထာဝရတားမြစ်ဝရမ်း ထုတ်ပေးခဲ့ခြင်းနှင့် တရားပြိုင် Myanmar Win Life Co.,Ltd သည် တရားလို Golden **Folwer** Lamp Co.,Ltd သို့နစ်နာမှုလျော်ကြေးငွေကျပ်သိန်း(၄၀၀)ပေးလျော်စေရန် ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။ အဆိုပါခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအပေါ် ဝင်ရောက်စွက်ဖက် ရန်မသင့်ဟု သုံးသပ်ရမိသည်။

ထို့ကြောင့် အယူခံတရားလို Myanmar Win Life Co.,Ltd ၏ တရားမပထမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေခ ၁၀၀၀၀ ကျပ် သတ်မှတ်သည်။

(မျိုးမြင့်)
တရားလွှတ်တော်တရားသူကြီး